# မြို့ပြ ဆန္ဒပြပွဲများကို သတ်ဖြတ်ဖြိုခွဲနေချိန်တွင် အာဏာသိမ်း စစ်အုပ်စု၏ တပ်ဖွဲ့များသည် မြန်မာနိုင်ငံ မြောက်ပိုင်းတွင် စစ်ရာဇဝတ်မှု အသစ်များ ကျူးလွန်နေသည်။

KWAT

ကချင်အမျိုးသမီး အစည်းအရုံး ထိုင်းနိုင်ငံမှ မှတ်တမ်း ပြုစုသည်။

*၂၀၂၁ ခုနှစ် ဧပြီလတွင် ထုတ်ဝေသည်။*

**မြို့ပြ ဆန္ဒပြပွဲများကို သတ်ဖြတ်ဖြိုခွဲနေချိန်တွင် အာဏာသိမ်းစစ်အုပ်စု၏ တပ်ဖွဲ့များသည် မြန်မာနိုင်ငံမြောက်ပိုင်းတွင် စစ်ရာဇဝတ်မှုများ ကျူးလွန်နေသည်။**

မီဒီယာ အာရုံစိုက်မှုသည် ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းမှုမှ စတင်၍ မြို့ပြဒေသများရှိ အာဏာသိမ်းစစ်အုပ်စု၏ လုံခြုံရေး တပ်ဖွဲ့များအပေါ် ရောက်ရှိသွားချိန်တွင် မြန်မာစစ်တပ်သည် မြန်မာနိုင်ငံမြောက်ပိုင်းတွင် ပဋိပက္ခ အရှိန် တိုးမြင့်နေစဉ်အတွင်း ကျေးလက် ရွာသားများအပေါ် ရာဇဝတ်မှုများ ကျူးလွန်လျက်ရှိသည်။ ရွာသားများမှာ ၎င်းတို့ အသက်ဘေးမှ ထပ်မံ ထွက်ပြေးနေရသည်ဖြစ်ရာ ဆယ်စုနှစ်အကြာ နေရာ ရွှေ့ပြောင်းမှု ပြဿနာများ ပိုမို ဆိုးရွားလာနေသဖြင့် တရားမဝင် အာဏာသိမ်းစစ်အုပ်စုအပေါ် ပြင်းထန်သောနိုင်ငံတကာဖိအားများပေးရန်အတွက် KWAT က အရေးပေါ် တောင်းဆိုလိုက်သည်။

နောက်ဆုံးရ အချက်အလက်များမှာ ဖေဖော်ဝါရီလ ၁ ရက်မှ မတ်လ ၃၁ ရက်နေ့အထိ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်မြို့နယ်တို့တွင် မြို့တွင်း အာဏာသိမ်း ဆန့်ကျင်ရေး ဆန္ဒပြသူများ သာမက ကျေးလက်ဒေသ ပဋိပက္ခ ဖြစ်ပွားရာနေရာ နှစ်ခုစလုံးမှ ပြည်သူများအပေါ် အာဏာသိမ်းစစ်အုပ်စု လုံခြုံရေး တပ်ဖွဲ့များမှ ကျူးလွန်ခဲ့သော ချိုးဖောက်မှုများကို အကျဉ်းချုပ် မြေပုံချထားခြင်းဖြစ်သည်။

**ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်ခရိုင်အတွင်း အာဏာသိမ်း ဆန့်ကျင်ရေး ဆန္ဒပြသူများအပေါ် လုံခြုံရေး တပ်ဖွဲ့များ၏ ချိုးဖောက်မှုများ**

ကချင်ပြည်နယ်အတွင်း မြို့ပေါင်း နှစ်ဆယ့်တစ်မြို့နှင့် မူဆယ်ခရိုင်အတွင်း မြို့လေးမြို့တို့တွင် အလွန်ကြီးမားသော အာဏာသိမ်းမှု ဆန့်ကျင်ရေး ဆန္ဒပြပွဲများ ဖြစ်ပွားခဲ့သည်။

စစ်တပ်နှင့် ရဲ နှစ်ခုစလုံးပါသော လုံခြုံရေး တပ်ဖွဲ့များသည် ဆန္ဒပြသူများကို ဥပဒေမဲ့ ဖမ်းဆီးခဲ့ပြီး ဆန္ဒပြပွဲများကို ဥပဒေနှင့် မလျော်ညီသော အင်အားသုံးလျက် လူစုခွဲခဲ့သည်။ ကချင်ပြည်နယ်နှင့် မူဆယ်တွင် ဆန္ဒပြမှုများနှင့် ဆက်နွယ်သော အရပ်သား ၄၁၀ ဦးအား ဖမ်းဆီးခဲ့သည်ကို KWAT က မှတ်တမ်းတင်ထားသည်။ အများဆုံး ၂၇ ရက်အထိ ထိန်းသိမ်းထားပြီးနောက် ထိုသူများအထဲမှ လူပေါင်း ၂၁၇ ဦး အား ပြန်လွှတ်ပေးခဲ့သည်။ ဆန္ဒပြသူတစ်ဦးဖြစ်သူ အသက် ၄၃ နှစ်အရွယ် ဦးသိန်းလွင်၏ အလောင်းကို ဖမ်းဆီးထားပြီး ၅ ရက်အကြာတွင် ပြင်းထန်သော နှိပ်စက်မှု လက္ခဏာများနှင့်အတူ မိသားစုထံ ပြန်ပေးခဲ့သည်။ လူပေါင်း ၁၉၀ ကျော် ဆက်လက် ထိန်းသိမ်းခံနေရပြီး အများစုမှာ မြစ်ကြီးနား ထောင်တွင် ဖြစ်သည်။ အချို့ကို သဘာဝ ဘေးအန္တရာယ် စီမံခန့်ခွဲမှု ဥပဒေ ပုဒ်မ ၂၅ ဖြင့် (Covid ကန့်သတ်ချက်များကို ချိုးဖောက်မှုအတွက်) အရေးယူထားပြီး အမြင့်ဆုံး ပြစ်ဒဏ်အဖြစ် ထောင်ဒဏ် သုံးနှစ်နှင့် ငွေဒဏ် ချမှတ်ခံရနိုင်သည်။ မကြာသေးမီက ဖမ်းဆီးခံရသော ဆန္ဒပြသူများကို ရာဇသတ်ကြီး ဥပဒေ ပုဒ်မ ၅၀၅ (အမျိုးသားလုံခြုံရေးကို ဆန့်ကျင်လှုံ့ဆော်မှု) ဖြင့် အရေးယူထားပြီး ထောင်ဒဏ် နှစ်နှစ်အထိနှင့် ငွေဒဏ် ချမှတ်ခံရနိုင်သည်။

မတ်လ ၈ ရက်နေ့ မြစ်ကြီးနားမြို့ တွင် အစုအပြုံလိုက် ဖမ်းဆီးမှု ဖြစ်ခဲ့ပြီး ဆန္ဒပြသူ ၉၁ ဦး ဖမ်းဆီးခံခဲ့ရ ကာမြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ခေါ်ဆောင်သွားခဲ့ပြီး အသက် ၁၄ နှစ်အရွယ် ကောင်လေး တစ်ဦးအပါအဝင် အချို့လူများ ရိုက်နှက်ခံခဲ့ရသည်။ အသက် ၁၈ နှစ်အောက် ဆန္ဒပြသူ ၁၉ ဦးကို ပြန်လွှတ်ပေးခဲ့ပြီး ကျန် ဆန္ဒပြသူ ၇၂ ဦးကို ပုဒ်မ ၅၀၅ ဖြင့် တရားစွဲပြီး မြစ်ကြီးနား အကျဉ်းထောင်သို့ ထိုညတွင်ပင် ပြောင်းရွှေ့ခဲ့သည်။ မြစ်ကြီးနား အကျဉ်းထောင်တွင် ဖမ်းဆီးထိန်းသိမ်းထားသူများမှာ မိသားစုဝင်များနှင့် တွေ့ဆုံခွင့် မရပါ။

အမျိုးသမီး ဆန္ဒပြသူများမှာ အကြမ်းဖက်မှုနှင့် လိင် စော်ကားမှု ပစ်မှတ်များ ဖြစ်ခဲ့ရသည်။ ဖေဖော်ဝါရီလ၁၉ ရက်တွင် ဆရာမ နှစ်ဦးမှာ မြစ်ကြီးနား ဆန္ဒပြမှုတွင် ဖမ်းဆီးခံရပြီး ရိုက်နှက်ခံရသဖြင့် တစ်ဦးမှာ လက်မောင်းကျိုးသွားခဲ့သည်။ မတ်လ ၆ ရက်နေ့တွင် ရဲများက ဆန္ဒပြသူ အမျိုးသမီးတစ်ဦး၏ အိမ်သို့ လိုက်ပါသွားပြီး ဖမ်းဆီးကာ သူ့ကို မြစ်ကြီးနား ရဲစခန်းတွင် တစ်ည ချုပ်နှောင်ထားခဲ့သည်။ ရဲသားတစ်ဦးက သူ့ကို "နင့်ကို မုဒိန်းကျင့်ပြီး သတ်ပစ်လို့ရတယ်" ဟု ပြောသည်။

လုံခြုံရေး တပ်ဖွဲ့ဝင်များသည် ဆန္ဒပြသူများအပေါ် ရာဘာကျည်ဆံများနှင့် ကျည်အစစ်များကို အသုံးပြုခဲ့ရာ ယောက်ျား သုံးဦးသေဆုံးပြီး ဘေးမှရပ်ကြည့်သူ အချို့ အမျိုးသမီးများနှင့် ကလေးများအပါအဝင် အနည်းဆုံး လူ ၄၇ ဦးကို ဒဏ်ရာရစေခဲ့သည်။ မတ်လ ၈ ရက်နေ့တွင် လက်ဖြောင့်တပ်သားများက အသက် ၂၂ နှစ်အရွယ် ကို မင်းထက် နှင့် အသက် ၅၂ နှစ်အရွယ် ဦးချိုတာ တို့ကို မြစ်ကြီးနားတွင် ပစ်သတ်ခဲ့ပြီး မတ်လ ၁၄ ရက် ဖားကန့်တွင်း လုံခြုံရေး တပ်ဖွဲ့များက အသက် ၃၀ အရွယ် ကိုကျော်လင်းထိုက် ကို ပစ်သတ်ခဲ့သည်။

| ရက်စွဲ | မြို့ | လုံခြုံရေး တပ်ဖွဲ့များ၏ ချိုးဖောက်မှု အမျိုးအစား | အသေးစိတ် |
|---|---|---|---|
| ဖေဖော်ဝါရီ ၁ ရက် | မိုးညှင်း | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | လွှတ်တော် ကိုယ်စားလှယ် ၂ ဦး၊ နှင့် အရပ်သား ၁၇ ဦး ဖမ်းဆီးခံရသည်။ အရပ်သား ၁၇ ဦးမှာ တစ်ည ထိန်းသိမ်းခံရပြီး ပြန်လွတ်လာသည်။ လွှတ်တော် ကိုယ်စားလှယ် နှစ်ဦးမှာ ဖေဖော်ဝါရီ ၂၅ ရက်တွင် ပြန်လွတ်လာသည်။ |
| ဖေဖော်ဝါရီ ၁၁ ရက် | မန်စီ | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | ဆန္ဒပြသူ ၁ ဦး ဖမ်းဆီးခံရသည်၊ ပုဒ်မ ၂၅ ဖြင့် အရေးယူခံရသည်။ |
| ဖေဖော်ဝါရီ ၁၄ ရက် | မြစ်ကြီးနား | လက်နက်မဲ့ ဆန္ဒပြသူများအပေါ် ဥပဒေနှင့် မညီသော သေစေလောက်သည့် အင်အား သုံးစွဲခြင်း | ဘူးဂါး ဓါတ်အားပေး စက်ရုံတွင် ဆန္ဒပြသူ ၁ ဦး ခြေထောက်တွင် ဒဏ်ရာရရှိ |
| ဖေဖော်ဝါရီ ၁၄ ရက် | မြစ်ကြီးနား | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | သတင်းသမား ၅ ဦး (EPN မှ ၂ ဦး၊ 74 Media မှ ၁ ဦး၊ မဇ္ဈိမ ၁ ဦး) နှင့် ဆန္ဒပြသူ ၂ ဦး ဖမ်းဆီးခံရပြီး တစ်ည ထိန်းသိမ်းခံရ။ |
| ဖေဖော်ဝါရီ ၁၅ ရက် | မိုးညှင်း | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | ဆန္ဒပြသူ ၂ ဦး ဖမ်းဆီးခံရသည်၊ ပုဒ်မ ၂၅ ဖြင့် အရေးယူခံရသည်။ |
| ဖေဖော်ဝါရီ ၁၈ ရက် | မြစ်ကြီးနား | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | ဆန္ဒပြသူများအတွက် ရေသယ်ပေးသည့်အတွက် ကားမောင်းသူ ၁ ဦး ဖမ်းဆီးခံရ၊ တစ်ည ထိန်းသိမ်းခံရ။ |
| ဖေဖော်ဝါရီ ၁၈ ရက် | မူဆယ် | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | NLD အဖွဲ့ဝင် ၁ ဦး အဖမ်းခံရ၊ မတ် ၁၅ ရက်တွင် ပြန်လွှတ်။ |
| ဖေဖော်ဝါရီ ၁၉ ရက် | မြစ်ကြီးနား | လက်နက်မဲ့ ဆန္ဒပြသူများကို ရိုက်နှက်ခြင်း | ကျောင်းဆရာမ ၂ ဦး ဖမ်းဆီးပြီး ရိုက်နှက်ခံရ၊ တစ်ဦး လက်မောင်း ကျိုးပြီး တဦး နောက်ကျောတွင် အမာရွတ်ကျန်ရစ်ခဲ့သည်။ |
| ဖေဖော်ဝါရီ ၂၀ ရက် | ပူတာအို | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | ဆန္ဒပြသူ ၉ ဦး ရဲနှင့် စစ်တပ်၏ ဖမ်းဆီးခြင်းခံရ။ ဖေဖော်ဝါရီ ၂၁ တွင် ၄ ဦးပြန်လွှတ်။ လူထုသတင်းသမား ၁ ဦးအပါအဝင် ဆန္ဒပြသူ ၅ ဦး မတ်လ ၄ ရက်နေ့အထိ ပုဒ်မ ၂၅ ဖြင့် ထိန်းသိမ်းခံရ။ လွှတ်မြောက်ရေးအတွက် တစ်ဦးလျှင် ကျပ် တစ်သိန်း ပေးရ။ |

| | | | |
|---|---|---|---|
| ဖေဖော်ဝါရီ ၂၀ ရက် | မိုးညှင်း | ဥပဒေမဲ့ ဖမ်းဆီးမှု၊ | လူငယ် ဆန္ဒပြသူ ၁၀ ဦး ဖမ်းခံရ၊ ညနေပိုင်းတွင် ပြန်လွှတ်။ |
| ဖေဖော်ဝါရီ ၂၂ ရက် | မြစ်ကြီးနား | အရပ်သားများအပေါ် ဥပဒေနှင့် မညီသော အင်အား သုံးစွဲခြင်း | ည ၈ နာရီခန့်တွင် မြစ်ကြီးနား၊ အောင်နန်းရပ်မှ ကလေးတစ်ဦး ဖြတ်သွားသော စစ်ကားပေါ်မှ လောက်လေးခွဖြင့် ပစ်ခတ်မှု ထိမှန်ပြီး ဦးခေါင်း ဒဏ်ရာရ။ |
| ဖေဖော်ဝါရီ ၂၃ ရက် | မြစ်ကြီးနား | အရပ်သားများအပေါ် ဥပဒေနှင့် မညီသော အင်အား သုံးစွဲခြင်း | အမျိုးသမီး ဆန္ဒပြသူ တစ်ဦး မြစ်ကြီးနား မော်တော်ဆိုင်ကယ် ဆန္ဒပြပွဲအတွင်း လေးခွပစ်ခံရ၊ နဖူးတွင် ဒဏ်ရာရ။ |
| ဖေဖော်ဝါရီ ၂၇ ရက် | ဝိုင်းမော် | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | အထက်တန်း ကျောင်းဆရာမ တစ်ဦး အပါအဝင် အမျိုးသမီး ၂ ဦး ဆန္ဒပြပွဲအတွင်း အဖမ်းခံရ၊ ပုဒ်မ ၂၅ ဖြင့် တရားစွဲ။ |
| ဖေဖော်ဝါရီ ၂၈ ရက် | မူဆယ် | လက်နက်မဲ့ ဆန္ဒပြသူများအပေါ် ဥပဒေနှင့် မညီသော သေစေလောက်သည့် အင်အား သုံးစွဲခြင်း ဥပဒေမဲ့ ဖမ်းဆီးခြင်း၊ နှိပ်စက် ညှင်းပမ်းခြင်း သတ်ဖြတ်ခြင်း | ဆန္ဒပြပွဲတွင် ကျည်အစစ်ဖြင့် ပစ်ခတ်မှုမှ ထွက်ပြေးစဉ် အမျိုးသမီး ၃ ဦးနှင့် အမျိုးသား ၃ ဦး ဒဏ်ရာရ။ အသက် ၄၃ နှစ်အရွယ် ဦးသိန်းလွင် ရဲအဖမ်းခံရပြီး မတ်လ ၅ ရက်နေ့တွင် မိသားစုအား နှိပ်စက်ညှင်းပမ်းထားသော လက္ခဏာများရှိသည့် ၎င်း၏ အလောင်းကို ပြန်ပေးခဲ့သည် |
| ဖေဖော်ဝါရီ ၂၈ ရက် | မြစ်ကြီးနား | နှိပ်စက်ညှင်းပမ်းမှု၊ ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | စစ်တပ်နှင့် ရဲက ဆန္ဒပြပွဲ ဦးဆောင်သူ တစ်ဦးအား ရိုက်နှက်။ ဆန္ဒပြသူ ၇၂ ဦး ဖမ်းဆီးခံရ။ ၆၃ ဦး ပြန်လွှတ်၊ သို့သော် ၉ ဦးမှာ မြစ်ကြီးနားထောင်တွင် ရှိနေဆဲ ဖြစ်သည်။ |
| မတ်လ ၁ ရက် | မြစ်ကြီးနား | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | ဆန္ဒပြသူများကို ရဲက ဖမ်းဆီးသည့်အခါ လမ်းပိတ်ပြီး ကားရပ်သည့်အတွက် အမျိုးသမီး ၁ ဦး ဖမ်းခံရ။ |
| မတ်လ ၃ ရက် | ဖားကန့် | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | ဆန္ဒပြသူ ၂ ဦး ဖမ်းခံရပြီး ရဲက ပုဒ်မ ၅၀၅ ဖြင့် မိုးညှင်း ထောင်သို့ ပို့ခံရ။ |
| မတ်လ ၆ ရက် | မြစ်ကြီးနား | ဥပဒေမဲ့ ဖမ်းဆီးမှု၊ လိင်ပိုင်းဆိုင်ရာ စော်ကားမှု | မြစ်ကြီးနား တက္ကသိုလ် အနီး ဆန္ဒပြပွဲတွင် ပါဝင်ခဲ့သူ အမျိုးသမီး တစ်ဦးအား ရဲက သူ့အိမ်အထိ လိုက်လာခဲ့သည်။ သူတို့က သူမကို ဖမ်းလိုက်ပြီး မြစ်ကြီးနား ရဲစခန်းတွင် တစ်ည ထိန်းသိမ်းထားသည်။ ရဲတစ်ဦးက သူမကို “ငါနှင့်ကို သေတဲ့အထိ မုဒိန်းကျင့်လို့ရတယ်” ဟု ပြောသည်။ ဆန္ဒပြမှုများကို ဦးဆောင်မှုဖြင့် ယောကျ်ား ၁ ဦး ဖမ်းခံရပြီး မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် ၁ ည ထိန်းသိမ်းခံရ။ |

| | | | |
|---|---|---|---|
| မတ်လ ၈ ရက် | မြစ်ကြီးနား | လက်နက်မဲ့ ဆန္ဒပြသူများအပေါ် ဥပဒေနှင့် မညီသော သေစေလောက်သည့် အင်အား သုံးစွဲခြင်း | နံနက် ၁၁ နာရီတွင် ရဲနှင့် စစ်သားများ (တပ်မ ၇၇ နှင့် တပ်မ ၉၉) ငြိမ်းချမ်းစွာ ဆန္ဒပြသူများကို စတင်ပစ်ခတ်ခဲ့သည်။ ဆောက်လက်စ ငါးထပ် အဆောက်အအုံအပါအဝင် အဆောက်အအုံ အမြင့်များပေါ်မှ စစ်တပ် လက်ဖြောင့် တပ်သားများက ပစ်ခတ်ခဲ့သည်။ အမျိုးသား ၂ ဦး ကိုဇင်မင်းထက် (၂၂ နှစ်) နှင့် ဦးချိုသာ (၅၂) နှစ် တို့ သေနတ်ကျည်ထိမှန်ပြီး သေဆုံးခဲ့သည်။ ငါးဦး ပြင်းထန်စွာ ဒဏ်ရာရခဲ့သည်။<br>၁။ အသက် ၂၀ အရွယ် အမျိုးသား ဆန္ဒပြသူမှာ ဝမ်းဗိုက်တွင် ဒဏ်ရာများ ရရှိပြီး ခွဲစိတ်ကုသရန် ခဲ့ရသည်။<br>၂။ အမျိုးသမီးတစ်ဦး၏ လက်မောင်းကို ကျည်ဆံထိပြီး ပွင့်ထွက်သွားခဲ့သည်။<br>၃။ အမျိုးသား တစ်ဦး ပေါင်တွင် ဒဏ်ရာရ<br>၄။ အမျိုးသား တစ်ဦး ရင်ဘတ်တွင် ဒဏ်ရာရ<br>၅။ အမျိုးသား တစ်ဦး ဝမ်းဗိုက်တွင် ဒဏ်ရာရ |
| မတ်လ ၈ ရက် | ဗန်းမော် | ဥပဒေမဲ့ ဖမ်းဆီးမှု | ဆန္ဒပြသူ ၁ ဦး ဖမ်းဆီးခံရပြီး ပုဒ်မ ၂၅ ဖြင့် အရေးယူခံရသည်။ |
| မတ်လ ၈ ရက် | ရွှေဂူ | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | ဆန္ဒပြသူ ၈၇ ဦး ဖမ်းခံရ၊ ၈၃ ပြန်လွတ်၊ ၄ ဦးမှာ ဗန်းမော် ထောင်တွင် ရှိနေဆဲဖြစ်သည်။ (၁ ဦးကို ပုဒ်မ ၂၅ ဖြင့် အမှု ဖွင့်ထားသည်။ (တစ်ဦးကို ပုဒ်မ ၂၅ ဖြင့် အမှုဖွင့်ပြီး ၃ ဦးကို ပုဒ်မ ၅၀၅ အောက်တွင် အမှုဖွင့်။ |
| မတ်လ ၈ ရက် | မြစ်ကြီးနား | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု၊ နှိပ်စက်ညှင်းပမ်းမှု | ဆန္ဒပြသူ ၉၁ ဦး ဖမ်းဆီးခံရပြီး စစ်တပ်၏ မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်သို့ ပို့ဆောင်ခံရသည်။ ထိုည ည ၉ နာရီခန့်တွင် အသ် ၁၈ နှစ်အောက် ဆန္ဒပြသူ ၁၉ ဦးကို ပြန်လွှတ်ပေးခဲ့သည်။ ကျန်ရှိသော ၇၂ ဦးကို ထိုညတွင်ပင် မြစ်ကြီးနား ထောင်သို့ ပို့ဆောင်ခဲ့ပြီး ပုဒ်မ ၅၀၅ ဖြင့် တရားစွဲဆိုခဲ့သည်။ အဖမ်းခံခဲ့ရသော အသက် ၁၄ နှစ်အရွယ် ယောက်ျားလေး တစ်ဦးက သူ့အားပြန်မလွှတ်မီတွင် စစ်သားများက ရိုက်နှက် ခဲ့သည်ဟု ပြောသည်။ |
| မတ်လ ၉ ရက် | မိုးညှင်း | လက်နက်မဲ့ ဆန္ဒပြသူများအပေါ် ဥပဒေနှင့် မညီသော သေစေလောက်သည့် အင်အား သုံးစွဲခြင်း၊ ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | ဆန္ဒပြသူ ၁ ဦး လက်မောင်းတွင် ကျည်အစစ်ဖြင့် ထိမှန်ပြီး ဒဏ်ရာရသည်။ အမျိုးသမီး ဆန္ဒပြသူ ၁ ဦး ရော်ဘာကျည်များကြောင့် နောက်ကျောတွင် ဒဏ်ရာ ပြင်းထန်စွာ ရရှိသည်။ အရပ်ဝတ်ဝတ်ထားသော လုံခြုံရေး တပ်ဖွဲ့များက ဆန္ဒပြသူများကို ဖမ်းဆီးခဲ့သည်။ ဆန္ဒပြသူ အမျိုးသား တစ်ဦး အဖမ်းခံရပြီး မတ်လ ၁၀ ရက်တွင် ပြန်လည် လွတ်မြောက်လာသည်။ အမျိုးသမီး ဆန္ဒပြသူ ၁ ဦး ဖမ်းဆီးခံရပြီး ပုဒ်မ ၅၀၅ ဖြင့် ထိန်းသိမ်းခံထားရသည်။ |

| | | | |
|---|---|---|---|
| မတ်လ ၉ ရက် | ပူတာအို | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | ဆန္ဒပြသူ ၁ ဦး စစ်တပ်၏ ဖမ်းဆီးခြင်းခံရသည်။ ပုဒ်မ ၅၀၅ ဖြင့် ထိန်းသိမ်းခံရသည်။ |
| မတ်လ ၁၁ ရက် | မန်စီ | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | ဆန္ဒပြသူ ၁ ဦး ဖမ်းဆီးခံရသည်၊ ပုဒ်မ ၂၅ ဖြင့် ထိန်းသိမ်းခံရသည်။ |
| မတ်လ ၁၁ ရက် | မိုးညှင်း | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | ဆန္ဒပြသူ အမျိုးသမီး ၁ ဦး ဖမ်းဆီးခံရသည်၊ ပုဒ်မ ၅၀၅ ဖြင့် ထိန်းသိမ်းခံရသည်။ |
| မတ်လ ၁၁ ရက် | မြစ်ကြီးနား | ဥပဒေမဲ့ ဖမ်းဆီးမှု၊ ထိန်းသိမ်းမှု | ဆန္ဒပြပွဲအတွက် ဒိုင်းကာများ ပြုလုပ်မှုဖြင့် အမျိုးသား ၄ ဦးကို ရဲက ဖမ်း။ ဆန္ဒပြပွဲကို တိုက်ရိုက် ထုတ်လွှင့်နေစဉ် အမျိုးသမီး ၂ ဦးကို အရပ်ဝတ်ရဲသားများက ဖမ်းဆီး၊ ၂ ရက်အကြာတွင် ပြန်လည် လွှတ်ပေး |
| မတ်လ ၁၃ ရက် | ဖားကန့် | လက်နက်မဲ့ ဆန္ဒပြသူများအပေါ် ဥပဒေနှင့် မညီသော သေစေလောက်သည့် အင်အား သုံးစွဲခြင်း | ဆန္ဒပြသူ ၂၀ ခန့် ရာဘာကျည်ထိမှန်သောကြောင့် ဒဏ်ရာရ။ ၁၅ ဦး ပြင်းထန်စွာ ဒဏ်ရာရ။ |
| မတ်လ ၁၄ ရက် | ဖားကန့် | လက်နက်မဲ့ ဆန္ဒပြသူများအပေါ် ဥပဒေနှင့် မညီသော သေစေလောက်သည့် အင်အား သုံးစွဲခြင်း | ဆန္ဒပြ အမျိုးသား တစ်ဦးဖြစ်သူ အသက် ၃၀ အရွယ် ကျော်လင်းထိုက် မှာ စစ်သားနှင့် ရဲများ ပစ်လိုက်သည့် ကျည်အစစ် ထိမှန် သေဆုံးသည်။ |

**ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်တွင် ရွာသားများအား အာဏာသိမ်းမြန်မာစစ်တပ် တပ်ဖွဲ့များက ပဋိပက္ခနှင့် ဆက်နွယ်သော ချိုးဖောက်မှုများ**

အာဏာသိမ်းသည်မှစ၍ KIA နှင့် ပဋိပက္ခ အရှိန်မြင့်လာစဉ်အတွင်းအာဏာသိမ်း မြန်မာစစ်တပ် တပ်ဖွဲ့ ခြေမြန်တပ်မ (တပ်မ) ၉၉ နှင့် ၃၃ တို့က ရည်ရွယ်ချက် အတိအကျမရှိပဲ ရွာများကို လက်နက်ကြီးများဖြင့် ပစ်ခတ်သောကြောင့် ဒဏ်ရာရ သေဆုံးမှုများ ဖြစ်ပွားခဲ့ပြီး ဥပဒေမဲ့ သတ်ဖြတ်မှုများ၊ ဥပဒေမဲ့ ဖမ်းဆီးမှုများ နှင့် လူသား ဒိုင်းအဖြစ်အသုံးပြုလျက် အရပ်သားများအား နှိပ်စက် ညှဉ်းပန်းခြင်းတို့ကို လုပ်ဆောင်ခဲ့သည်။

KIO က မြန်မာစစ်တပ်ကို အရပ်သား ဆန္ဒပြသူများအပေါ် အင်အားသုံးခြင်း မပြုရန် ဖေဖော်ဝါရီလ ၉ ရက်နေ့တွင် သတင်းစကား ပေးပို့ပြီးနောက် အာဏာသိမ်းမြန်မာ စစ်တပ်က ဖေဖော်ဝါရီလ ၁၁ ရက်နေ့ ရှမ်းပြည်နယ် မြောက်ပိုင်းတွင် KIA အပေါ် ထိုးစစ်အသစ်ကို စတင်ခဲ့သည်။ တပ်မ ၉၉ မှ တပ်ဖွဲ့များက မူဆယ်မြို့ အရှေ့တောင်ဘက် ကီလိုမီတာ ၄၀ ခန့်ရှိ ဒီမာရွာအနီးတွင် KIA ကို တိုက်ခိုက်ခဲ့သည်။ ၈၁ မမ နှင့် ၆၀ မမ မော်တာများဖြင့် ဦးတည်ရာ မရှိပဲ ဒီမာ အနီးတစ်ဝိုက်ကို ပစ်ခတ်ခဲ့ခြင်းကြောင့် ရွာသားများမှာ နမ့်အွန်နှစ်ခြင်း ခရစ်ယာန် ဘုရားကျောင်းသို့ ထွက်ပြေးကြရသည်။

နောက် ရက်သတ္တပတ် အတော်ကြာသည့်အခါ မြန်မာစစ်တပ်နှင့် KIA အကြား တိုက်ပွဲများသည် မူဆယ် ခရိုင် တလျောက် ပြန့်သွားခဲ့သည်၊ တပ်မ၉၉တပ်ဖွဲ့များကဦးတည်ချက်မရှိပဲလက်နက်ကြီးများကိုအရပ်သားဒေသများကိုပစ်ခတ်ခဲ့ရာဖေဖော်ဝါရီ ၂၀ ရက်တွင် ဒီမာအနီး တရုတ်ရွာသားတစ်ဦး သေဆုံးခဲ့ပြီး အရပ်သားများအား ပစ်မှတ်ထားပြီး နှိပ်စက်ညှဉ်းပန်းခြင်းနှင့် ချိုးဖောက်ခြင်းများ လုပ်ဆောင်ခဲ့သည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင် ဂျောင်ဂျော်ရွာမှ ရွာသား အမျိုးသား နှစ်ဦး မူဆယ်မြို့သို့ ဆိုင်ကယ်စီးလာစဉ် တပ်မ ၉၉ တပ်ဖွဲ့များက သူတို့ကို သေနတ်ဖြင့် ပစ်ခဲ့သည်။ အမျိုးသား တစ်ဦးမှာ နေရာတွင် သေဆုံးခဲ့သည်။ အခြား အမျိုးသားတစ်ဦးကို စစ်သားများက ရိုက်နှက် ကန်ကျောက်ခဲ့သဖြင့် ဒဏ်ရာရကာ သေဆုံးသွားခဲ့သည်။

ဖေဖော်ဝါရီ ၂၄ ရက်တွင်လည်း တပ်မ ၉၉ မှ တပ်ဖွဲ့ဝင် ၁၀၀ ခန့်သည် ကွတ်ခိုင်ရှိ ဖန်ဝေါင်ရွာမှ ရွာသား ၆ ဦးနှင့် ၁၅ နှစ်အရွယ် ကောင်လေးတစ်ဦးကို သူတို့ ကင်းလှည့်နေစဉ် သူတို့ အရှေ့နှင့် သူတို့ အကြားတွင် လူသား ဒိုင်းအဖြစ် လမ်းလျှောက်စေခဲ့သည်။ မတ်လ ၄ ရက်တွင် တပ်မ ၉၉ နှင့် ခလရ ၂၈၇ မှ တပ်ဖွဲ့များသည် အမျိုးသား ၃ ဦး (နှစ်ဦးမှာ အသက်ကြီးပြီး နားမကြားပေ) ကို ဖမ်းဆီးပြီး လူသူ ကင်းမဲ့နေသော မန်းဝီ ရွာသို့ လမ်းလျှောက်သွားခိုင်းပြီး ညသို့ ရောက်သော အခါ သူတို့ကို ကြိုးဖြင့် ချည်ထားပြီး အစားအစာနှင့် ရေ မပေးပဲ ထားခဲ့သည်။ မန်ဒေါင်ရွာမှ ရွာသူရွာသားများအားလုံး ယခုအခါ သူတို့ နေအိမ်များမှ ထွက်ပြေးနေကြရသည်။

မတ်လ ၁၁ ရက်နေ့တွင် KIA က ဖားကန့်အနီး ဆယ်ဇင်းရှိ တပ်မ ၃၃ ရှေ့တန်းစခန်းကို တိုက်ခဲ့သည့် အခါ ကချင်ပြည်နယ်သို့ တိုက်ပွဲများပြန့်နှံ့သွားသည်။ မြန်မာစစ်တပ်က လက်စားချေသည့်အနေဖြင့် ခါဆန်ရွာနှင့် ကာမိုင်းမြို့များကို လက်နက်ကြီးများဖြင့် ပစ်ခတ်သဖြင့် အမျိုးသမီး ၂ ဦးနှင့် ကလေး ၃ ဦး ဒဏ်ရာရခဲ့သည်။

မတ်လ ၁၆ ရက်တွင် မြစ်ဆုံ မြောက်ဘက်တွင် ဖြစ်ပွားသော တိုက်ပွဲများကြောင့် ရွာသားများ ထွက်ပြေးသည့်အခါ အစောပိုင်းတွင် မြန်မာစစ်တပ်က သူတို့ကို မြစ်ကြီးနားရှိ IDP စခန်းများသို့ မဝင်ရောက်နိုင်အောင် တားမြစ်ထားခဲ့ပြီး ငြိမ်းချမ်းရေး ဖော်ဆောင်ရေး အဖွဲ့က သူတို့ကို ဖြတ်သန်းသွားခွင့်ပေးရန် မြန်မာစစ်တပ်ကို ဖျောင်းဖျနိုင်သည်အထိ တစ်ရက်တာ စောင့်နေခဲ့ရသည်။

| ရက်စွဲ | ရွာ၊ မြို့နယ် | ချိုးဖောက်မှု အမျိုးအစား | မြန်မာစစ်တပ် တပ်ရင်း တပ်ဖွဲ့ | အသေးစိတ် |
|---|---|---|---|---|
| ဖေဖော်ဝါရီ ၁၁ ရက် | ဒီမာ၊ မူဆယ် | အရပ်သား ဇေရိယာများအား လက်နက်ကြီးဖြင့် ပစ်ခြင်း | တပ်မ ၉၉ | တပ်ဖွဲ့များက ဒီမာရွာသို့ ၈၁ မမ နှင့် ၆၀ မမ မော်တာများ ပစ်ခတ်ခဲ့ပြီး လူများကို Namoon နှစ်ခြင်း အသင်းတော်ထံသို့ ထွက်ပြေးစေခဲ့သည်။ |
| ဖေဖော်ဝါရီ ၂၀ ရက် | ဒီမာ၊ မူဆယ် | အရပ်သား ဇေရိယာများအား လက်နက်ကြီးဖြင့် ပစ်ခြင်း | တပ်မ ၉၉ | တပ်ဖွဲ့များက ဒီမာ ရွာတွင်းသို့ တပ်ဖွဲ့များက လက်နက်ကြီးများကို ပစ်ခတ်ခဲ့သည်။ ဝါးဖြတ်နေသော တရုတ် အမျိုးသားတစ်ဦး အနီးအနားက ရွာတွင် သတ်ခံရသည်။ |
| ဖေဖော်ဝါရီ ၂၃ ရက် | ဟူနောင်၊ ကွတ်ခိုင် | လုယက်ခြင်း | တပ်မ ၉၉ | အိမ်သုံးလုံး လုခံရသည်၊ စမတ်ဖုန်းများ ခိုးခံရသည်၊ ကြက်နှင့် ဝက်များ ကို သတ်ဖြတ်ပြီး ရိက္ခာ အတွက် ယူဆောင်သွားကြသည်။ |
| ဖေဖော်ဝါရီ ၂၄ ရက် | မူဆယ်မြို့ အနီး | နှိပ်စက်ညှင်းပမ်းခြင်း၊ သတ်ဖြတ်ခြင်း။ | တပ်မ ၉၉ | ဂျောင်ဂျော် ရွာမှ ရွာသား အမျိုးသား ၂ ဦးတို့သည် ဆိုင်ကယ်များဖြင့် မူဆယ်သို့ သွားရာ လမ်းတွင် မြန်မာ စစ်တပ် တပ်ဖွဲ့များက ပစ်ခတ်ခဲ့သည်။ နေရာတွင် ၁ ဦးသေဆုံးပြီး အခြား တစ်ဦးမှာ ဒဏ်ရာ ရခဲ့ပြီး နောက် နောက်ပိုင်း တွင် သေဆုံးသည်အထိ ရိုက်နှက် ကန်ကျောက်ခံရသည်။ |

| | | | | |
|---|---|---|---|---|
| ဖေဖော်ဝါရီ ၂၄ ရက် | ဖန်ဝေါင်၊ ကွတ်ခိုင် | လူသား ဒိုင်း အသုံးပြုခြင်း | တပ်မ ၉၉ | တပ်မ ၉၉ မှ တပ်ဖွဲ့ဝင် ၁၀၀ ခန့်သည် ရွာသားအမျိုးသား ၇ ဦး (အသက် ၁၅ နှစ်အရွယ် ကောင်လေးတစ်ဦး အပါအဝင်) ကို ၎င်းတို့ ၃ နာရီကြာ ကင်းလှည့်ရာတွင် ၎င်းတို့၏ အရှေ့နှင့် စစ်သားများအကြား ကြားညှပ်လျက် လမ်းလျှောက် ခိုင်းခဲ့သည်။ |
| မတ်လ ၄ ရက် | မန်ဒေါင်၊ မူဆယ် | တရားမဲ့ ဖမ်းဆီးခြင်း၊ နှိပ်စက် ညှင်းပမ်းခြင်း | တပ်မ ၉၉၊ ခလရ ၂၈၇ | ရွာသား အမျိုးသား ၃ ဦး (သက်ကြီးရွယ်အို နှင့် နားမကြားသူ ၂ ဦး) တို့ အဖမ်းခံရပြီး လူသူမ ရှိသော မန်ဝီးရွာသို့ အတင်း လမ်းလျှောက် ခိုင်းခံရသည်။ စစ်သားများက ရွာရောက်သော အခါ သူတို့ လက်များကို တိုင်တစ်တိုင်တွင် နောက်ပြန် ချည်သည်။ သူတို့ကို အစားအစာနှင့် ရေ မပေးပါ။ သူတို့ကို နောက်တရက် မနက် ၈ နာရီမှ ပြန်လွှတ်ပေးသည်။ စစ်တပ်က သူတို့၏ ဓါတ်ပုံများ ရိုက်ယူ ထားပြီး သူတို့ကို "ငါတို့ နင်တို့ကို မနှိပ်စက်ဘူး" ဟု ပြော သည်။ လက်ကိုင်ဖုန်းတစ်လုံးကို သိမ်းဆည်း လိုက်သည်။ |
| မတ်လ ၄ ရက် | ဒီမာနှင့် ဒတ်နိုင်ကြား၊ မူဆယ် | ပိုင်ဆိုင်မှုများ ဖျက်စီးခြင်း | တပ်မ ၉၉ | စစ်သားများက ကြံခင်းတစ်ခုကို မီးရှို့ပြီး တရုတ်ငွေ ယွမ် ၃၀,၀၀၀ တန်ဖိုးရှိသည့် ကြံပင်များကို ဖျက်ဆီးပစ်လိုက်သည်။ (အမေရိကန်ဒေါ်လာ ၄,၆၀၀၊ မြန်မာငွေ ၆၅ သိန်း) |
| မတ်လ ၁၂ ရက် | ကာမိုင်း | အရပ်သား ဧရိယာများအား လက်နက်ကြီးဖြင့် ပစ်ခြင်း ဖြင့် ဒဏ်ရာ ရစေခြင်း | တပ်မ ၃၃ | စစ်သားများက ခါဆန်ရွာနှင့် ကာမိုင်းမြို့တွင်းသို့ သေနတ်များဖြင့် ပစ်ရာ ကာမိုင်းမှ အမျိုးသမီး ၂ ဦး၊ နှင့် ကလေး ၃ ဦး ဒဏ်ရာရသည်။ |
| မတ်လ ၁၅ ရက် | စံပြ၊ ဖားကန့် | အရပ်သား ဧရိယာအား လက်နက်ကြီးဖြင့် ပစ်ခြင်း | ခလရ ၂၉၇ | စစ်သားများက လက်နက်ကြီးဖြင့် စံပြရွာ အတွင်း ပစ်ခတ်ရာ အိမ်သုံးလုံး ပျက်စီး သွားသည်။ |
| မတ်လ ၁၆ ရက် | တန်ဖရဲ၊ မြစ်ကြီးနား | IDP များအား ခိုလှုံရာ ရှာဖွေမှုကို တားမြစ်ခြင်း | ခလရ ၂၂၆ | ဂွီတောင်၊ တန်ဘောင်၊ ပါစီဆွတ်နှင့် ဆနီတူးယန် မှ မြစ်ကြီးနားသို့ သွားသည့် စစ်ရှောင် ရွာသား ၁၄၆ ဦးကို စစ်သားများက မနက်မှ ည ၁၀ နာရီ အထိ သွားခွင့်မပြုပဲ ပိတ်ထားခဲ့သည်။ ငြိမ်းချမ်းမှု ဖော်ဆောင်ရေး အဖွဲ့ PCG က ဝင်ရောက် ဖြေရှင်းပေးပြီးနောက် ည ၁၀ နာရီမှသာ သူတို့ကို ခွင့်ပြုခဲ့သည်။ |

**မြန်မာ နိုင်ငံ၏ တရားမဝင်သော အာဏာသိမ်းစစ်အုပ်စုအပေါ် ကြီးမားသော နိုင်ငံတကာ ဖိအားပေးရန် အတွက် အရေးပေါ် လိုအပ်ချက်။**

စစ်အာဏာသိမ်းမှုသည် တစ်နိုင်ငံလုံးကို လုံခြုံမှု ကင်းမဲ့စေပြီး ဗရုတ်သုတ်ခ ဖြစ်စေကာ မြန်မာနိုင်ငံ မြောက်ပိုင်းရှိ ပဋိပက္ခမှာ အရှိန်မြင့်တက်လာခဲ့ပြီး အထူး သဖြင့် ကြောက်မက်ဖွယ်ရာ နောက်ဆက်တွဲများ ဖြစ်လာလိမ့်မည်။ ကျွန်ုပ်တို့၏ အသိုင်းအဝိုင်းသည် ၂၀၁၁ ခုနှစ်ကတည်းက KIA အပေါ် တကျော့ပြန် စစ်ပွဲကို မြန်မာတပ်မတော်က ဆင်နွှဲခဲ့ခြင်းကြောင့် ပျက်စီးလျက် ကျန်နေဆဲဖြစ်သည်။ ကျေးလက်ဒေသ မြေနေရာ အများစုမှာ လူသူကင်းမဲ့ နေခဲ့ပြီး ရွာသား ၁၂၀,၀၀၀ ကျော်မှာ IDP စခန်းများအတွင်းတွင် လုံလောက်သော အကူအညီ မရပဲ ဆက်လက်ရှိနေခဲ့သည်။ ရုတ်တရက် ပြောင်းလဲမှုနှင့် နေရာ ရွှေ့ပြောင်းမှု တို့သည် ရှိပြီးသား လူသားချင်စာနာထောက်ထားမှု ပြဿနာကို ပိုမို ဆိုးရွားစေလိမ့်မည်။


မြန်မာနိုင်ငံတလွှား အရပ်သားများအပေါ် အကြမ်းဖက်မှုများကို ချက်ချင်း ရပ်တန့်ရန်၊ နိုင်ငံရေး အကျဉ်းသားများအားလုံး ပြန်လွှတ်ပေးရန် နှင့် တိုင်းရင်းသား ပဋိပက္ခဒေသများမှ တပ်များ ပြန်ဆုတ်ပေးရန် တို့အတွက် စစ်အာဏာသိမ်း ခေါင်းဆောင်များအပေါ် ပြင်းထန်သော နိုင်ငံတကာ ဖိအားများပေးရန် ကျွန်ုပ်တို့တောင်းဆိုလိုက်သည်။ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံ ဥပဒေကို ဖျက်သိမ်းရမည်၊ ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေသစ်ကို အတည်ပြုရမည်၊ ဖက်ဒရယ် ဖွဲ့စည်းပုံ အခြေခံ ဥပဒေ သစ်ကို အတည်ပြုရမည်၊ ရွေးကောက်ခံ ဖက်ဒရယ် ဒီမိုကရက်တစ် အစိုးရ ကို ရွေးချယ်ရမည်။

ကုလသမဂ္ဂ လုံခြုံရေး ကောင်စီကို မြန်မာနိုင်ငံအပေါ် ကမ္ဘာတစ်ဝှမ်း လက်နက်ပိတ်ဆို့မှု ချမှတ်ရန် နှင့် မြန်မာနိုင်ငံ၏ အခြေအနေကို နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းရန် တောင်းဆိုချက်ကို ကျွန်ုပ်တို့ ထောက်ခံသည်။


ကျွန်ုပ်တို့သည် နိုင်ငံတကာ အစိုးရအားလုံးအား အာဏာသိမ်း စစ်အုပ်စုသည် ဥပဒေနှင့် ညီညွတ်ခြင်းမရှိကြောင်း ကြေညာရန်နှင့် စစ်အုပ်စုအား ဝင်ငွေရရှိစေသော မည်သည့် စီးပွားရေး လုပ်ငန်းများကို မဆို ပိတ်ဆို့ အရေးယူမှုများ ချမှတ်ရန် တောင်းဆိုသည်။

ကျွန်ုပ်တို့သည် နိုင်ငံခြား အလှူရှင်များကို ၎င်းတို့၏ အကူအညီများသည် မည်သည့် နည်းလမ်းနှင့်မျှ စစ်အုပ်စုကို တရားဝင်မှု သို့မဟုတ် အသိအမှတ်ပြုမှု မဖြစ်စေရန်၊ နှင့် စစ်အုပ်စု ဖြိုခွဲမှုများကြောင်း ထွက်ပြေးလာသူများနှင့် တိုင်းရင်းသား ထိန်းချုပ်နယ်မြေများတွင် ခိုလှုံနေသူများ အတွက် အပါအဝင် လူသားချင်းစာနာမှု အကူအညီများကို နယ်စပ်ဖြတ်ကျော် လမ်းကြောင်းများမှတဆင့် ပြန်လည် လုပ်ဆောင်ရန် ကျွန်ုပ်တို့ တောင်းဆိုသည်။


# ကချင်ပြည်နယ်တွင် စစ်အာဏာသိမ်း စစ်တပ်၏ အကြမ်းဖက်မှု များ





- မြန်မာစစ်တပ်နှင့် ကေအိုင်အေ တိုက်ပွဲဖြစ်ပွားရာ နေရာ
- စစ်အာဏာသိမ်း စစ်တပ်မှ ပြုလုပ်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ပြသည့် နေရာများ
- ထွက်ပြေးတိမ်းရှောင်သည့် လမ်းကြောင်း
- စစ်တပ်အာဏာသိမ်းမှုအား ဆန့် ကျင်ဆန္ဒပြသည့်နေရာများ



# ရှမ်းပြည်နယ်မြောက်ပိုင်းတွင် စစ်အာဏာသိမ်း စစ်တပ်၏ အကြမ်းဖက်မှု များ





မြန်မာစစ်တပ်နှင့် ကေအိုင်အေ တိုက်ပွဲဖြစ်ပွားရာ နေရာ


စစ်အာဏာသိမ်း စစ်တပ်မှ ပြုလုပ်သည့် လူ့အခွင့်အရေး ချိုးဖောက်မှုများ ပြသည့် နေရာများ

ထွက်ပြေးတိမ်းရှောင်သည့် လမ်းကြောင်း

စစ်တပ်အာဏာသိမ်းမှုအား ဆန့်ကျင်ဆန္ဒပြသည့်နေရာများ

စစ်အာဏာသိမ်း ဆန့်ကျင်မှု ဆန္ဒပြသည့်နေရာတွင် အာဏာသိမ်း စစ်တပ်မှ ပြည်သူများအား သတ်ဖြတ်ခြင်း။
မြစ်ကြီးနားမြို့၊ ၈ရက်၊ မတ်လ ၂၀၂၁








ကိုဇင်မင်းထက်


ဦးချိုသာ

# ဆက်သွယ်ရန်

Email: kwat.office@gmail.com

Website: kachinwomen.com

Facebook: Kachin Women’s Association Thailand - KWAT

Mobile:+66(0) 89 755 9892